# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# နေပြည်တော်

South–East Asia Crude Oil Pipeline Company Limited မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ မဒေးကျွန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Work–Boat Wharf and Support Works Project အတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate–ECC)

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၇၇၁ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသောအဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

| | | |
|---|---|---|
| (က) | စီမံကိန်းအဆိုပြုသူ | – HAN Jianqiang<br>Board Director/ President<br>South-East Asia Crude Oil Pipeline Company Limited |
| (ခ) | ဆက်သွယ်ရန် လိပ်စာ | – ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၃၆၃/၄ မိုင်အနီး၊ သရက်တန်းကျေးရွာ၊ ဥယျာဉ်တော်မြို့၊ တံတားဦး မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး<br>ဖုန်း– ၀၆၇-၄၁၁၀၅၅/၄၁၁၀၅၆၊<br>Fax: ၀၂-၂၄၈၇၂၊<br>e-mail: aungsoephyo@seaogp.com |
| (ဂ) | စီမံကိန်းအမျိုးအစား | – Work-Boat Wharf and Support Works Project |
| (ဃ) | စီမံကိန်းကာလ | – ၂၀၀၉ ခုနှစ်မှ ၂၀၃၉ ခုနှစ်အထိ (နှစ် ၃၀) |
| (င) | စီမံကိန်း၏ အရွယ်အစား | – တန်ချိန် ၅,၀၀၀ ကုန်တင်သင်္ဘော ဆိုက်ကပ်နိုင်သည့် အလုပ်သင်္ဘောဆိပ်ခံတံတား |
| (စ) | စီမံကိန်းတည်နေရာ | – ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ မဒေးကျွန်း |
| (ဆ) | ECC သက်တမ်း | – (၅)နှစ်<br>စတင်ထုတ်ပေးရက် ၃၁-၁-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် ၃၀-၁-၂၀၂၉ |
| (ဇ) | အတည်ပြုအစီရင်ခံစာ အမျိုးအစား | – ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) |
| (ဈ) | အတည်ပြုအစီရင်ခံစာ | – ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၏၂၇-၁၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ထုတ်လုပ်/၀၃(၆၇၀) ၂၀၂၃ |

**စည်းကမ်းသတ်မှတ်ချက်များ**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်း ဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကိုသတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်မဟုတ်ဘဲ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့် ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(လှမောင်သိန်း၊အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

## South-East Asia Crude Oil Pipeline Company Limited က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Work-Boat Wharf and Support Works Project ၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်

၁။ South-East Asia Crude Oil Pipeline Company Limited မှ ရခိုင်ပြည်နယ် ကျောက်ဖြူ ပင်လယ်အော်အတွင်းရှိ မဒေးကျွန်းတွင် ဆောင်ရွက်မည့် Work-Boat Wharf and Support Works Project သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ မထုတ်ပြန်မီ ၂၀၀၉ ခုနှစ် တွင် စတင်တည်ဆောက်လည်ပတ်ခဲ့သည့် စီမံကိန်းဖြစ်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ နည်းဥပဒေ ၅၅ နည်းဥပဒေခွဲ (က)နှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲတင်ပြစေခဲ့ခြင်းဖြစ်ပါသည်။ ကုမ္ပဏီမှ ၂၇-၉-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ SEPD003 ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** HAN Jianqiang၊ Board Director/ President၊ South-East Asia Crude Oil Pipeline Company Limited၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၃၆၃/၄ မိုင်အနီး၊ သရက်တန်းကျေးရွာ၊ ဥယျာဉ်တော်မြို့၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း- ၀၆၇-၄၁၁၀၅၅/၄၁၁၀၅၆၊ Fax: ၀၂-၂၄၈၇၂၊ e-mail: aungsoephyo@seaogp.com ဖြစ်ပါသည်။

၃။ **စီမံကိန်း၏အဓိကအစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်းသည် တန်ချိန် ၅,၀၀၀ ကုန်တင်သင်္ဘောအတွက် အခြေခံ၍ ဒီဇိုင်းထုတ်ထားသည့် အလုပ်သင်္ဘောဆိပ်ခံတံတားစီမံကိန်းဖြစ်သည်။ စီမံကိန်းတွင် အဓိကအစိတ်အပိုင်းများအနေဖြင့် အလုပ်သင်္ဘောဆိပ်ခံတံတားဧရိယာ၊ သင်္ဘောပြုပြင်သည့်ကျင်းနှင့် အနည်းဆုံး 5000 HP ရှိသည့် ဆွဲသင်္ဘော (၆) စီး ပါဝင်သည်။ အလုပ်သင်္ဘောဆိပ်ခံတံတားသည် အရှည် ၁၅၀ မီတာ၊ ကမ်းရိုးတန်းအမြင့် ၆.၀ မီတာ၊ တောင်တန်းအောက်ခြေအမြင့် -၈.၅ မီတာဖြစ်ပြီး ၎င်းရှေ့မျက်နှာစာတွင် ပင်လယ်လမ်းကြောင်းနှင့် ချောမွေ့စွာ ဆက်သွယ်ထားသော အလုပ်သင်္ဘောများ ရပ်နားနိုင်သည့် ရေပြင်တစ်ခုရှိကြောင်း၊ သင်္ဘောပြုပြင်သည့်ကျင်းသည် အလျား ၅၅ မီတာ၊ အကျယ် ၂၄ မီတာ၊ အနက် ၁၄ မီတာ၊ ရေဆူး ၁၁ မီတာနှင့် ယာဉ်တစ်စီးအတွက် အများဆုံးခွင့်ပြုတန်ချိန်မှာ ၁,၂၀၀ တန်ဖြစ်ကြောင်း၊ ဆွဲသင်္ဘော (၆) စီးမှ ရေနံတင်သင်္ဘောမောင်းနှင်ခြင်း၊ တွဲဆွဲခြင်းနှင့် မီးသတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တစ်ရက်လျှင် အလုပ်ချိန် (၈) နာရီဖြင့် မြန်မာနိုင်ငံသား အလုပ်သမား (၃၆) ဦးနှင့် နိုင်ငံခြားသား အလုပ်သမား (၂၈) ဦး၊ စုစုပေါင်း (၆၄) ဦးမှ လုပ်ငန်းတာဝန်များအား ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်း၏ စက်လှေများကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းအပြင် သင်္ဘောပြုပြင်သည့်ကျင်းတွင် အရေးပေါ်ပြုပြင်ခြင်းများကိုလည်း အလုပ်သင်္ဘောဆိပ်ခံတံတားမှ ဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ဝန်ထမ်း/လုပ်သား (၆၄) ဦးအတွက် ရေသုံးစွဲမှုအနေဖြင့် တစ်ရက်လျှင် (၁,၉၂၀) ဂါလန်ခန့်၊ စီမံကိန်းတွင် လျှပ်စစ်သုံးစွဲမှုအနေဖြင့် တစ်လလျှင် 36,000 KWH၊ ရွှာတုပစ္စည်းများအနေဖြင့် တစ်လလျှင် ချောဆီ (၂,၄၀၀) လီတာ၊ စက်အအေးခံပစ္စည်း (၄၅၀) လီတာ၊ Coating (၄၀) လီတာ အသုံးပြုမည်ဖြစ်သည်။

၅။ **စီမံကိန်းတည်နေရာ။** ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ မဒေးကျွန်းတွင် တည်ရှိပါသည်။

**South-East Asia Crude Oil Pipeline Co.,Ltd က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Work-Boat Wharf and Support Works Project ၏ စီမံကိန်းတည်နေရာပြမြေပုံ**



## South-East Asia Crude Oil Pipeline Co.,Ltd က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Work-Boat Wharf and Support Works Project ၏ Layout Plan Map



**South-East Asia Crude Oil Pipeline Co.,Ltd က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Work-Boat Wharf and Support Works Project ၏ Ship Repair Yard**



**နောက်ဆက်တွဲ (ခ)**

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက South-East Asia Crude Oil Pipeline Company Limited ၏ ၂၇-၉-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ SEPD003 ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် တန်ချိန် ၅,၀၀၀ ကုန်တင်သင်္ဘောအတွက် အခြေခံ၍ ဒီဇိုင်းထုတ်ထားသည့် အလုပ်သင်္ဘောဆိပ်ခံတံတားစီမံကိန်းဖြစ်သည်။ စီမံကိန်းတွင် အဓိကအစိတ်အပိုင်းများအနေဖြင့် အလုပ်သင်္ဘောဆိပ်ခံတံတားဧရိယာ၊ သင်္ဘောပြုပြင်သည့်ကျင်းနှင့် အနည်းဆုံး 5000 HP ရှိသည့် ဆွဲသင်္ဘော (၆) စီး ပါဝင်သည်။ အလုပ်သင်္ဘောဆိပ်ခံတံတားသည် အရှည် ၁၅၀ မီတာ၊ ကမ်းရိုးတန်းအမြင့် ၆.၀ မီတာ၊ တောင်တန်းအောက်ခြေအမြင့် -၈.၅ မီတာဖြစ်ပြီး ၎င်းရှေ့မျက်နှာစာတွင် ပင်လယ်လမ်းကြောင်းနှင့် ချောမွေ့စွာ ဆက်သွယ်ထားသော အလုပ်သင်္ဘောများ ရပ်နားနိုင်သည့် ရေပြင်တစ်ခုရှိကြောင်း၊ သင်္ဘောပြုပြင်သည့်ကျင်းသည် အလျား ၅၅ မီတာ၊ အကျယ် ၂၄ မီတာ၊ အနက် ၁၄ မီတာ၊ ရေဆူး ၁၁ မီတာနှင့် ယာဉ်တစ်စီးအတွက် အများဆုံး ခွင့်ပြုတန်ချိန်မှာ ၁,၂၀၀ တန် ဖြစ်ကြောင်း၊ ဆွဲသင်္ဘော (၆) စီးမှ ရေနံတင်သင်္ဘော မောင်းနှင်ခြင်း၊ တွဲဆွဲခြင်းနှင့် မီးသတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တစ်ရက်လျှင် အလုပ်ချိန် (၈) နာရီဖြင့် မြန်မာနိုင်ငံသား အလုပ်သမား (၃၆) ဦးနှင့် နိုင်ငံခြားသား အလုပ်သမား (၂၈) ဦး၊ စုစုပေါင်း (၆၄) ဦးမှ လုပ်ငန်းတာဝန်များအား ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်း၏ စက်လှေများကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းအပြင် သင်္ဘောပြုပြင်သည့်ကျင်းတွင် အရေးပေါ်ပြုပြင်ခြင်းများကိုလည်း အလုပ်သင်္ဘောဆိပ်ခံတံတားမှ ဆောင်ရွက်သွားမည်ဖြစ်သည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းလည်ပတ်ခြင်းအဆင့်တွင် ဆွဲသင်္ဘောများမှ အခိုးအငွေ့ထွက်ရှိမှုများ လျှော့ချနိုင်ရေးအတွက် စက်ပစ္စည်းများအား ပြန်လည်ပြုပြင် အသုံးပြုရန် သို့မဟုတ် အခိုးအငွေ့ထွက်ရှိမှု နည်းပါးစေသည့် စက်ပစ္စည်းများနှင့်

နည်းပညာများကို အသုံးပြုရန်၊

(၂) စီမံကိန်းလည်ပတ်ခြင်းအဆင့်တွင် လောင်စာဆီ လောင်ကျွမ်းမှုကို ထိရောက်စေရေးနှင့် အခိုးအငွေ့ထုတ်လွှတ်မှု အနည်းဆုံးဖြစ်စေရေးအတွက် အင်ဂျင်နှင့် စက်ကိရိယာများအား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းနှင့် ချိန်ညှိခြင်းတို့ကို ဆောင်ရွက်ရန်၊

(၃) စီမံကိန်းပိတ်သိမ်းခြင်းအဆင့်တွင် ဖြိုဖျက်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် သင့်လျော်သော လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄) စီမံကိန်းပိတ်သိမ်းခြင်းအဆင့်တွင် ဖြတ်တောက်ခြင်းနှင့် ဂဟေဆော်ခြင်း လုပ်ငန်းများဆောင်ရွက်စဉ် အခိုးအငွေ့များနှင့် အမှုန်အမွှားများကို ဖယ်ရှားနိုင်ရေးအတွက် သင့်လျော်သော လေဝင်လေထွက်စနစ်နှင့် အိတ်ဇောစနစ်များကို သေချာစွာ တပ်ဆင်ထားရှိရန်၊

(၅) စီမံကိန်းပိတ်သိမ်းခြင်းအဆင့်တွင် ဖျက်သိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆောင်ရွက်စဉ် အခိုးအငွေ့ထုတ်လွှတ်မှုနည်းပါးသော သို့မဟုတ် လျှပ်စစ်စွမ်းအင်သုံး စက်များနှင့် ယာဉ်များကို အသုံးပြုရန်၊

(၆) စီမံကိန်းပိတ်သိမ်းခြင်းအဆင့်တွင် ယာဉ်များ၊ စက်ကိရိယာနှင့်ပစ္စည်းများကို ပြန်လည်အသုံးပြုရန် သို့မဟုတ် ဘေးကင်းသည့်နည်းလမ်းဖြင့် စွန့်ပစ်ရန်၊

(၇) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁ အပိုဒ်ခွဲ ၁.၁ ပါ ထုတ်လွှတ်အခိုးအငွေ့ဆိုင်ရာ လမ်းညွှန်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်။

(ဃ) **ရေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းအဆင့်တွင် လောင်စာဆီနှင့် ဓာတ်ဆီများ ယိုဖိတ်မှု အန္တရာယ်ကို လျှော့ချနိုင်ရေးအတွက် ထိန်းချုပ်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းကိရိယာများကို ပုံမှန်စစ်ဆေးခြင်းနှင့် လုပ်သားများအား သင်တန်းပို့ချခြင်းဖြင့် ယိုဖိတ်မှုကာကွယ်ရေးနှင့် တုံ့ပြန်မှုအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) သင်္ဘောဝမ်းတွင်းမှ ထွက်ရှိသည့် စွန့်ပစ်ရေများနှင့် မိလ္လာများကို စွန့်ပစ်ခြင်း မပြုမီ စနစ်တကျ စီမံခန့်ခွဲပြီး သန့်စင်နိုင်ရေးအတွက် ဆီ-ရေ ခွဲခြားသည့် ကိရိယာများနှင့် စွန့်ပစ်ရေသန့်စင်သည့်စက်များကို တပ်ဆင်အသုံးပြုရန်၊

(၃) ကျူးကျော်မျိုးစိတ်များဝင်ရောက်ခြင်းမှ ကာကွယ်နိုင်ရေးအတွက် ထိရောက်

သော Ballast Water Treatment System ကို တပ်ဆင်ဆောင်ရွက်ရန်၊

(၄) ရေထုအဆိပ်သင့်မှုကို လျှော့ချပေးပြီး ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေသော ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသည့် သုတ်ဆေးနှင့် ကုတ်တင်းများကို အသုံးပြုရန်၊

(၅) သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များအတွင်း ရေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော သန့်ရှင်းရေးထုတ်ကုန်များနှင့် အလေ့အကျင့်များကို အသုံးပြုဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိပစ္စည်းများအား ရေထဲသို့ စွန့်ပစ်ခြင်း လျော့နည်းစေရန် ဆွဲသင်္ဘောများပေါ်တွင် စွန့်ပစ်ပစ္စည်းအမျိုးအစား ခွဲခြားခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် သင့်လျော်သော အမှိုက်စွန့်ပစ်သည့် အလေ့အထများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းပိတ်သိမ်းခြင်းအဆင့်တွင် ဖြိုဖျက်ခြင်းနှင့် ဖျက်သိမ်းခြင်းလုပ်ငန်းများအတွင်း ရေထဲသို့ အနည်အနှစ်များနှင့် အညစ်အကြေးများ တိုက်ရိုက်စွန့်ထုတ်ခြင်းမှ ကာကွယ်ရန် နုန်းကာများ သို့မဟုတ် အနည်ကာများကဲ့သို့သော သင့်လျော်သည့် အနည်ထိုင်ခြင်းနှင့်တိုက်စားမှု ထိန်းချုပ်ရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းဖြိုဖျက်ရာမှ ထွက်ရှိသည့် အမှိုက်နှင့် အပျက်အစီးများ၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ရေထုထဲသို့ တိုက်ရိုက်စွန့်ပစ်ခြင်းမှ ကာကွယ်ရန် သိုလှောင်ထားရှိမည့်နေရာများနှင့် သင့်လျော်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အလေ့အကျင့်များကို ဆောင်ရွက်ရန်၊

(၉) လောင်စာဆီယိုဖိတ်မှု သို့မဟုတ် ယိုစိမ့်မှု အန္တရာယ်ကို လျှော့ချရေးအတွက် သင်္ဘောများနှင့် စက်ပစ္စည်းများမှ လောင်စာဆီ အကြွင်းအကျန်များကို စနစ်တကျ ဖယ်ရှားသန့်စင်ရန်၊

(၁၀) ကုတ်တင်း၊ သုတ်ဆေးများနှင့် အခြားအဆိပ်ဖြစ်စေနိုင်သောအရာများကို ဖယ်ရှားခြင်းနှင့် စွန့်ပစ်ခြင်းအတွက် သင့်လျော်သော လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၁၁) စီမံကိန်းပိတ်သိမ်းခြင်းအဆင့်တွင် ရေအရည်အသွေးအပေါ် ဖြစ်နိုင်ချေရှိသော သက်ရောက်မှုများကို ခွဲခြားသတ်မှတ်ရေးနှင့် လျှော့ပါးစေရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုများနှင့် စစ်တမ်းများ ပြုလုပ်ရန်၊

(၁၂) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်

အပိုဒ် ၂.၆ အပိုဒ်ခွဲ ၂.၆.၂ ပါ သင်္ဘောဆိပ်၊ ဆိပ်ကမ်းနှင့် ဆိပ်ခံတံတားလုပ်ငန်း (Ports, Harbors and Terminals) ပါ စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **မြေဆီလွှာအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းအဆင့်တွင် လောင်စာဆီနှင့် ဓာတ်ဆီများ ယိုဖိတ်မှုအန္တရာယ်ကို လျှော့ချနိုင်ရေးအတွက် ထိန်းချုပ်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းကိရိယာများကို ပုံမှန်စစ်ဆေးခြင်းနှင့် လုပ်သားများအား သင်တန်းပို့ချခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) မြေဆီလွှာကို ညစ်ညမ်းစေနိုင်သော ယိုဖိတ်မှုနှင့် ယိုစိမ့်မှုအန္တရာယ်ကို တားဆီးကာကွယ်နိုင်ရေးအတွက် ဓာတုပစ္စည်းများ၊ ချောဆီများနှင့် အခြားသော အန္တရာယ်ရှိနိုင်သည့် ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းကိုင်တွယ်ခြင်းနှင့် ဆင့်ပွားထိန်းချုပ်မှုစနစ်များကဲ့သို့သော ယိုဖိတ်မှုကာကွယ်ရေးအစီအမံများကို တပ်ဆင်သွားရန်၊

(၃) မြေဆီလွှာညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းအမျိုးအစား ခွဲခြားခြင်း၊ ပြန်လည်အသုံးပြုခြင်းအပါအဝင် သင့်လျော်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲသည့် အလေ့အကျင့်ကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် အမှိုက်သိမ်းဆည်းမည့်ရေယာများကို သတ်မှတ်အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲသည့် ဝန်ဆောင်မှုအား အသုံးပြုခြင်းနှင့် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လိုက်နာခြင်းတို့ကို ဆောင်ရွက်ရန်၊

(၄) မြေဆီလွှာတိုက်စားခံရမှုကို လျှော့ချနိုင်ရေးနှင့် မြေဆီလွှာထဲသို့ ညစ်ညမ်းပစ္စည်းများ စွန့်ထုတ်ခြင်းကို ဟန့်တားနိုင်ရေးအတွက် အနည်အနှစ်များနှင့် တိုက်စားမှုထိန်းချုပ်ရေးအစီအမံများအပါအဝင် ထိရောက်သည့် စီးဆင်းရေစီမံခန့်ခွဲမှု အလေ့အကျင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) မြေဆီလွှာညစ်ညမ်းမှု လက္ခဏာရပ်များကို ဆောလျင်စွာ သိရှိနိုင်စေရန် ဆိပ်ခံတံတားနှင့် အနီးတစ်ဝိုက်ရှိ လုပ်ငန်းခွင်များကို ပုံမှန်စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်ရန်၊

(၆) မြေဆီလွှာညစ်ညမ်းမှုကို ကာကွယ်ရန် အရေးကြီးကြောင်း အလုပ်သမားများအား အသိပညာပေးပြောကြားရန်နှင့် သင့်လျော်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ဆီယိုဖိတ်မှုတုံ့ပြန်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၇) စီမံကိန်းပိတ်သိမ်းခြင်းအဆင့် ဖြိုဖျက်ခြင်းနှင့် ဖျက်သိမ်းခြင်းလုပ်ငန်းများတွင် မြေဆီလွှာညစ်ညမ်းမှု၊ တိုက်စားခံရမှုနှင့် အနည်ကျမှုတို့ကို ကာကွယ်နိုင်ရေး အတွက် အနည်အနှစ်များနှင့် တိုက်စားမှုထိန်းချုပ်ရေး အစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၈) မြေဆီလွှာပေါ်သို့ ဆီယိုစိမ့်ခြင်း သို့မဟုတ် ယိုဖိတ်မှုအန္တရာယ် အနည်းဆုံး ဖြစ်စေရေးအတွက် သင်္ဘောနှင့် စက်ပစ္စည်းများမှ ကြွင်းကျန်လောင်စာဆီ၊ ဆီနှင့် အခြားအရည်များကို သင့်လျော်သော ရေနုတ်မြောင်းများဖြင့် ဖယ်ရှား ဆောင်ရွက်ရန်၊

(၉) ဆီယိုစိမ့်ခြင်း သို့မဟုတ် ယိုဖိတ်မှုဖြစ်ပေါ်ခဲ့ပါက ညစ်ညမ်းမှုများ ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်ရန် စိမ့်ဝင်နိုင်သော သို့မဟုတ် စုပ်ယူနိုင်သော ပစ္စည်းများကို အသုံးပြု၍ ထိန်းချုပ်မှုအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၁၀) ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်အတွင်း အန္တရာယ်ရှိသောပစ္စည်းနှင့် စွန့်ပစ်ပစ္စည်း များအား စနစ်တကျ စီမံခန့်ခွဲရေးနှင့် စွန့်ပစ်နိုင်ရေးအတွက် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ ခွင့်ပြုထားသည့် စွန့်ပစ်ပစ္စည်းများ အသုံးပြုခြင်း၊ ပြန်လည်အသုံးပြုခြင်း သို့မဟုတ် သန့်စင်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၁၁) ညစ်ညမ်းမှုဖြစ်နိုင်ချေကို အကဲဖြတ်ရန်နှင့် ပြန်လည်ပြုပြင်ရေးအတွက် အစီအမံများ လိုအပ်နိုင်မှုကို ဆုံးဖြတ်နိုင်ရေးအတွက် မြေဆီလွှာနမူနာ ကောက်ယူခြင်းနှင့် ဆန်းစစ်ခြင်းများ ပြုလုပ်ရန်၊

(၁၂) လိုအပ်ပါက မြေတူးဖော်ခြင်း၊ သန့်စင်ခြင်း သို့မဟုတ် ပြန်လည်ထိန်းသိမ်းရေး နည်းပညာများကဲ့သို့သော မြေဆီလွှာပြန်လည်ပြုပြင်ခြင်းဆိုင်ရာ နည်းဗျူဟာ များ ပါဝင်သည့် လုပ်ငန်းနေရာ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ဖော်ဆောင် ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန်။

(စ) **ဆူညံသံနှင့် တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ခြင်းအဆင့်တွင် ဆွဲသင်္ဘော၊ အင်ဂျင်များနှင့် စက်များ၌ အသံကာများ၊ အကာအရံများ သို့မဟုတ် Silencer များကဲ့သို့သော ဆူညံသံ လျှော့ချသည့် နည်းပညာများကို အသုံးပြုရန်၊

(၂) တုန်ခါမှုနှင့် ဆက်စပ်ဆူညံသံများကို လျှော့ချနိုင်သည့် အင်ဂျင်များနှင့် စက်ပစ္စည်းများ ကောင်းမွန်စွာ အလုပ်လုပ်နိုင်စေရေးအတွက် ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းများ ပြုလုပ်ရန်၊

(၃) မြင့်မားသောဆူညံသံနှင့်တွေ့ကြုံနိုင်သည့် အလုပ်သမားများကို နားကြပ်များ သို့မဟုတ် နားကြပ်ကဲ့သို့သော တစ်ကိုယ်ရည်သုံး အကာအကွယ်ပစ္စည်းများကို ထားရှိပေးရန်၊

(၄) သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာမှုရှိစေရေးအတွက် ဆူညံသံနှင့် တုန်ခါမှုအဆင့်များကို ပုံမှန် စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းများပြုလုပ်ရန်၊

(၅) စီမံကိန်းပိတ်သိမ်းခြင်းအဆင့်တွင် အသုံးပြုသည့် စက်ယန္တရားကြီးများတွင် ဆူညံသံလျှော့ချသည့် နည်းပညာများဖြစ်သော Muffler သို့မဟုတ် Exhaust Silencer များကို အသုံးပြုရန်၊

(၆) စက်ပစ္စည်းများနှင့် စက်ယန္တရားများမှ တုန်ခါမှုအား အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများထံ ရောက်ရှိခြင်းကို လျှော့ချနိုင်ရေးအတွက် ခံနိုင်ရည်ရှိသော သို့မဟုတ် တုန်ခါမှုလျှော့ချသည့် ပစ္စည်းများကို အသုံးပြုရန်၊

(၇) ထိရှလွယ်သောအချိန်များတွင် ဆူညံသံထွက်ရှိမှုကို ကန့်သတ်သည့် အချိန်ဇယားဆွဲခြင်းနှင့် လုပ်ငန်းလည်ပတ်မှု လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၈) စီမံကိန်းပိတ်သိမ်းခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆူညံသံ သို့မဟုတ် တုန်ခါမှုဆိုင်ရာ သက်ရောက်မှုများအကြောင်း အနီးအနားရှိ အသိုင်းအဝိုင်းများနှင့် သက်ဆိုင်သူများအား အကြောင်းကြားရန်၊

(၉) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ အပိုဒ် ၁ အထွေထွေလမ်းညွှန်ချက်များ၊ အပိုဒ်ခွဲ ၁.၃ ဆူညံသံဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်သည့်ကာလတွင် စွန့်ပစ်ပစ္စည်းလျှော့ချရေး၊ ပြန်လည်အသုံးပြုရေးနှင့် တာဝန်သိ စွန့်ပစ်ခြင်းဆိုင်ရာအလေ့အထများကို မြှင့်တင်ရေးအတွက် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) ညစ်ညမ်းမှုအန္တရာယ် နည်းပါးစေရေးအတွက် သင့်လျော်သော အမှိုက်ခွဲခြားခြင်း၊ အမှိုက်စုဆောင်းခြင်းနှင့် သိုလှောင်ရုံများ ပံ့ပိုးပေးရန်၊

(၃) စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်များနှင့်စပ်လျဉ်း၍ အလုပ်သမားများအား အသိပညာပေးခြင်းနှင့် လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အလေ့အကျင့်များနှင့်ကိုက်ညီမှုရှိစေရန် ပုံမှန်စစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို အကောင်အထည်ဖော်ပြီး တိုးတက်မှုအတွက် နယ်ပယ်များကို ခွဲခြားသတ်မှတ် ဆောင်ရွက်ရန်၊

(၅) မတူညီသော စွန့်ပစ်ပစ္စည်းအမျိုးအစားများကို စနစ်တကျ ကိုင်တွယ်နိုင်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲသည့် ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် စာချုပ်ချုပ်ဆို ဆောင်ရွက်ရန်၊

(၆) မတော်တဆယိုဖိတ်မှု သို့မဟုတ် အန္တရာယ်ရှိသောအရာများ ပတ်ဝန်းကျင်သို့ စွန့်ထုတ်မှု အနည်းဆုံးဖြစ်စေရေးအတွက် ယိုဖိတ်မှုကာကွယ်ရေးနှင့် တုံ့ပြန်မှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၇) တိုးတက်လာသော စည်းမျဉ်းစည်းကမ်းများ၊ အကောင်းဆုံး အလေ့အကျင့်များနှင့်အညီ စွန့်ပစ်အမှိုက်စွန့်ပစ်မှု အလေ့အကျင့်များကို ပုံမှန်ပြန်လည်သုံးသပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၈) စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် စွန့်ပစ်ခြင်းလုပ်ငန်းများအတွက် သီးသန့်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲခြင်း၊ စွန့်ပစ်ပစ္စည်းများကို ခွဲထုတ်ခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းဆိုင်ရာအလေ့အကျင့်များကို အကြမ်းဖျင်းဖော်ပြခြင်းတို့ကို ဆောင်ရွက်ရန်၊

(၉) ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို ဖော်ထုတ်နိုင်ရေးအတွက် နှံ့နှံ့စပ်စပ် အကဲဖြတ်ဆန်းစစ်ခြင်း၊ စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့် စွန့်ပစ်ခြင်းနည်းလမ်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၁၀) စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ကိုယ်တိုင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို သေချာစေရေးအတွက် ထိရောက်သော စွန့်ပစ်အမှိုက်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ခြေရာခံခြင်းစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဓ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်သည့်ကာလတွင် ကုန်းနေတောရိုင်းတိရစ္ဆာန်များ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ဆူညံသံထွက်ရှိမှုနည်းသော စက်များ၊ ဆူညံသံအတားအဆီးများနှင့် အသံအတားအဆီးများ အသုံးပြုခြင်းအပါအဝင် ဆူညံမှုနှင့် တုန်ခါမှုလျှော့ချရေးဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) ဆွဲသဘော်အင်ဂျင်များနှင့် အခြားအရင်းအမြစ်များမှ ညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် ထုတ်လွှတ်မှုထိန်းချုပ်ရေးနည်းပညာများနှင့် အလေ့အကျင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) လောင်စာဆီ ယိုဖိတ်မှုလျှော့နည်းစေရေးအတွက် ညစ်ညမ်းမှုကာကွယ်ရေး

အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ယိုဖိတ်မှုထိန်းချုပ်ရေး စနစ်များ၊ စက်ကိရိယာများ ပုံမှန်စစ်ဆေးခြင်း၊ စနစ်တကျ ကိုင်တွယ်ခြင်းနှင့် ယိုဖိတ်မှုတုံ့ပြန်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် သင်္ဘောသားများအား သင်တန်းပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၄) ရေထဲသို့ အနည်ကျခြင်းနှင့် တိုက်စားမှုလျော့နည်းစေရေးအတွက် နုန်းကာများ၊ အနည်ကာများ သို့မဟုတ် အနည်ကျမြောင်းများကဲ့သို့သော အနည်ထိုင်ခြင်းနှင့် တိုက်စားမှုထိန်းချုပ်ရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) ရေနေသတ္တဝါများထံ ဆူညံသံသက်ရောက်မှု အနည်းဆုံးဖြစ်စေရေးအတွက် စက်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းခြင်းနှင့် ဆူညံသံ အတားအဆီးများ သို့မဟုတ် အသံကာများအသုံးပြုခြင်းကဲ့သို့သော ဆူညံသံလျှော့ချရေးအစီအမံ များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၆) ဖြစ်နိုင်ချေရှိသော သက်ရောက်မှုများကို ဖော်ထုတ်ရန်နှင့် လိုက်လျောညီထွေ ရှိသော စီမံခန့်ခွဲမှုဗျူဟာများကို အသိပေးနိုင်ရေးအတွက် အလုပ်သင်္ဘော ဆိပ်ခံတံတားအတွင်းနှင့် အနီးတစ်ဝိုက်ရှိ ကုန်းနေဇေဒစနစ်နှင့် ရေအရည် အသွေး၊ နေထိုင်ရာစားကျက်များ၊ မျိုးရင်းမဟုတ်သော မျိုးစိတ်များ ရောက်ရှိ နေခြင်းတို့ကို ပုံမှန်စောင့်ကြပ်ကြည့်ရှုရန်၊

(၇) စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် ကုန်းနေတောရိုင်း တိရစ္ဆာန်များအတွက် ဒေသမျိုးရင်း အပင်မျိုးစိတ်များ ပြန်လည်စိုက်ပျိုးခြင်း သို့မဟုတ် ကာကွယ်ခြင်း၊ ကျူးကျော် အပင်မျိုးစိတ်များကို ဖယ်ရှားခြင်းနှင့် တောရိုင်းတိရစ္ဆာန်များ ကျက်စားရာနေရာများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၈) ရေထုညစ်ညမ်းမှုကိုကာကွယ်ရန် ဓာတုပစ္စည်းများ၊ အန္တရာယ်ရှိသော ပစ္စည်း များနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊

(၉) ညစ်ညမ်းနိုင်ခြေရှိမှုကို အကဲဖြတ်ရန် ပုံမှန်ရေအရည်အသွေး စောင့်ကြပ် ကြည့်ရှုခြင်းကို လုပ်ဆောင်ပြီး စွန့်ပစ်ခြင်းလုပ်ငန်းများသည် ရေအရည် အသွေးကို မကောင်းသော အကျိုးသက်ရောက်မှု မရှိစေရေး သေချာစေရန်၊

(၁၀) ရေနေသတ္တဝါများအတွက် အလွန်အရေးပါသော ကျက်စားရာနေရာများကို ရှောင်ကြဉ်ခြင်း သို့မဟုတ် ရှောင်ရှားခြင်းဆိုင်ရာ နည်းပညာများကို အသုံးပြု ခြင်းဖြင့် ရေနေသတ္တဝါများ အနှောင့်အယှက်မဖြစ်စေရေး အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၁၁) ရေနေသတ္တဝါများနှင့် မျိုးစိတ်များ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် ဖြစ်ထွန်းမှုအား အကဲဖြတ်ဆန်းစစ်နိုင်ရေးအတွက် ဖြိုဖျက်ခြင်းလုပ်ငန်းများ မလုပ်ဆောင်မီ စောင့်ကြပ်ကြည့်ရှုခြင်းကို ပြုလုပ်ရန်။

ပြည်ထောင်စု ဝန်ကြီးရုံး

(ဈ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများအတွက် ပြီးပြည့်စုံသော လေ့ကျင့်ရေးအစီအစဉ်များ၊ ဘေးကင်းရေးအစီအမံများနှင့် အရေးပေါ်လုပ်ထုံးလုပ်နည်းများ ပံ့ပိုးပေးရန်၊

(၂) သင်္ဘောများ၊ စက်ကိရိယာများနှင့် အခြေခံအဆောက်အအုံများကို ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများကို လုံခြုံစွာ လုပ်ဆောင်ရန်၊

(၃) ချော်လဲခြင်း၊ ပြုတ်ကျခြင်းအန္တရာယ်များကို လျှော့ချရေးအတွက် အကာအရံများ၊ အလွယ်တကူ မချော်လဲနိုင်သော မျက်နှာပြင်များနှင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရှိရန်၊

(၄) လုပ်သားများအတွက် တစ်ကိုယ်ရည်သုံးအကာအကွယ်ပစ္စည်း (PPE) ရရှိနိုင်ရေးနှင့် မှန်ကန်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိရန်၊

(၅) သင်္ဘောလည်ပတ်မှု၊ ကုန်သယ်ယူမှု၊ လောင်စာဆီနှင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများအတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အစီအမံများ ရေးဆွဲပြဋ္ဌာန်းထားရှိရန်၊

(၆) ဖြစ်နိုင်ချေရှိသော လုပ်ငန်းခွင်ကျန်းမာရေးနှင့် လုံခြုံရေးထိခိုက်မှုများကို ခွဲခြားသတ်မှတ်ရေးနှင့် ဖြေရှင်းနိုင်ရေးအတွက် ဘေးအန္တရာယ်များကို ပုံမှန်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းများ ဆောင်ရွက်ရန်၊

(၇) ဘေးအန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်းနှင့် လျှော့ချခြင်းတို့ကို ဆောင်ရွက်ရာတွင် ထိရောက်သော ဆက်သွယ်ခြင်း၊ ပုံမှန်လုံခြုံရေးဆိုင်ရာအစည်းအဝေးပြုလုပ်ခြင်းနှင့် အလုပ်သမားများ ပါဝင်ဆွေးနွေးခြင်းတို့ဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးအလေ့အကျင့်များကို မြှင့်တင်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းပိတ်သိမ်းသည့်ကာလတွင် ကြုံတွေ့ရသော ဘေးအန္တရာယ်ရှိ ပစ္စည်းများအတွက် သင့်လျော်သော ကိုင်တွယ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် စွန့်ပစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၉) ကန့်သတ်ထားသော နေရာများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် သင့်လျော်သော လေဝင်လေထွက်စနစ်၊ လေထုအရည်သွေး စောင့်ကြပ်ကြည့်ရှုခြင်း၊ ဆက်သွယ်ရေးစနစ်များနှင့် ကယ်ဆယ်ရေးလုပ်ထုံးလုပ်နည်းများ ပါဝင်သည့် ရှင်းလင်းတိကျသော အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(၁၀) အလုပ်သမားများ၏ ကြွက်သားအရိုးစု ထိခိုက်မှုအန္တရာယ်ကို အနည်းဆုံးဖြစ်စေရေးအတွက် Ergonomic ဆိုင်ရာမှုများနှင့် လက်ဖြင့် ဘေးကင်းစွာကိုင်တွယ်နိုင်မည့် အလေ့အကျင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၁၁) ဖျက်သိမ်းခြင်းလုပ်ငန်းများအတွက် သီးခြား အရေးပေါ်တုံ့ပြန်ရေးနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးအစီအစဉ်များကို ရေးဆွဲ၍ ပုံမှန်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်၊

(၁၂) ဖြစ်နိုင်ချေရှိသော ဘေးအန္တရာယ်များ သို့မဟုတ် စိုးရိမ်ဖွယ်ရာများကို သိရှိနိုင်စေရန် ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး အလုပ်သမားများ၏ လေ့ကျင့်မှုများနှင့် တုံ့ပြန်ချက်များအပေါ် အခြေခံ၍ ဘေးကင်းရေးအစီအမံများနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ပြန်လည်သုံးသပ် ပြင်ဆင်ရေးဆွဲရန်။

(ည) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ အများပြည်သူသို့ ထုတ်ဖော်တင်ပြခြင်းဆိုင်ရာ လုပ်ဆောင်မှုအခြေအနေ ကတိကဝတ်ဖော်ပြချက်ကို ဖော်ပြထားပြီး စီမံကိန်းအဆိုပြုသူမှ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း အခမ်းအနား ကျင်းပပြုလုပ်နိုင်ရန် Myanmar Oil and Gas Enterprise(MOGE) သို့ တင်ပြထားပြီးဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်း ဖြစ်ပွားခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့်အတွက် အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရန် အခက်အခဲများရှိနေပါသဖြင့် ကျင်းပပြုလုပ်ခွင့်ရှိသည်နှင့်တပြိုင်နက် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးအား စီမံကိန်းလည်ပတ်သည့်ကာလတွင် အလုပ်သဘော်ာဆိပ်ခံတံတား (လတ္တီကျူ 19° 21' 55.99" N၊ လောင်ဂျီကျူ 93° 41' 13.04" E) ၌ တစ်နှစ်လျှင်နှစ်ကြိမ် တိုင်းတာရန်နှင့် စီမံကိန်းဖျက်သိမ်းသည့်ကာလတွင် အဆိုပါ ဖျက်သိမ်းသည့်လုပ်ကွက်၌ တစ်ကြိမ်တိုင်းတာရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးအား စီမံကိန်းလည်ပတ်သည့်ကာလတွင် သန့်စင်ခြင်းမပြုမီ (လတ္တီကျူ 19° 21' 59.24" N၊ လောင်ဂျီကျူ 93° 40' 55.75" E) နှင့် သန့်စင်ပြီးနောက် (လတ္တီကျူ 19° 21' 59.43" N၊ လောင်ဂျီကျူ 93° 40' 56.41" E) တို့တွင် တစ်နှစ်လျှင်နှစ်ကြိမ် တိုင်းတာရန်နှင့် စီမံကိန်းဖျက်သိမ်းသည့်ကာလတွင် အဆိုပါ ဖျက်သိမ်းသည့်လုပ်ကွက်၌ တစ်ကြိမ်တိုင်းတာရန်၊

(၃) မြေပေါ်ရေအရည်အသွေးအား စီမံကိန်းလည်ပတ်သည့်ကာလ၌ သံဇစ်မြစ် (လတ္တီကျူ 19° 21' 57.44" N၊လောင်ဂျီကျူ 93° 41' 13.16" E) တွင်

တစ်နှစ်လျှင် တစ်ကြိမ် တိုင်းတာရန်နှင့် စီမံကိန်းဖျက်သိမ်းသည့်ကာလ၌ အဆိုပါ ဖျက်သိမ်းသည့်လုပ်ကွက်တွင် တစ်ကြိမ်တိုင်းတာရန်၊

(၄) မြေဆီလွှာအရည်အသွေးအား စီမံကိန်းလည်ပတ်သည့်ကာလတွင် စီမံကိန်း တည်ရှိရာနေရာအတွင်း တစ်နှစ်လျှင်နှစ်ကြိမ် တိုင်းတာရန်နှင့် စီမံကိန်း ဖျက်သိမ်းသည့်ကာလတွင် အဆိုပါ ဖျက်သိမ်းသည့်လုပ်ကွက်၌ တစ်ကြိမ် တိုင်းတာရန်၊

(၅) ဆူညံသံနှင့်တုန်ခါမှုအား စီမံကိန်းလည်ပတ်သည့်ကာလတွင် အလုပ်သဘော်ာ ဆိပ်ခံတံတား၌ တစ်နှစ်လျှင်နှစ်ကြိမ် တိုင်းတာရန်နှင့် စီမံကိန်း ဖျက်သိမ်း သည့်ကာလတွင် အဆိုပါ ဖျက်သိမ်းသည့်လုပ်ကွက်၌ တစ်ကြိမ် တိုင်းတာရန်၊

(၆) စွန့်ပစ်အစိုင်အခဲထွက်ရှိမှုအား စီမံကိန်းလည်ပတ်သည့်ကာလ၌ စီမံကိန်း ဧရိယာအတွင်း တစ်ပတ်လျှင်တစ်ကြိမ် တိုင်းတာရန်နှင့် စီမံကိန်း ဖျက်သိမ်း သည့်ကာလတွင် အဆိုပါ ဖျက်သိမ်းသည့်လုပ်ကွက်၌ တစ်ပတ်လျှင်တစ်ကြိမ် တိုင်းတာရန်၊

(၇) စွန့်ပစ်အရည်ထွက်ရှိမှုအား စီမံကိန်းလည်ပတ်သည့်ကာလတွင် စီမံကိန်း ဧရိယာအတွင်း တစ်ပတ်လျှင်တစ်ကြိမ် တိုင်းတာရန်နှင့် စီမံကိန်းဖျက်သိမ်း သည့်ကာလတွင် အဆိုပါ ဖျက်သိမ်းသည့်လုပ်ကွက်၌ တစ်ပတ်လျှင်တစ်ကြိမ် တိုင်းတာရန်၊

(၈) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းထွက်ရှိမှုအား စီမံကိန်းလည်ပတ်သည့်ကာလ၌ စီမံကိန်းဧရိယာအတွင်း တစ်ပတ်လျှင်တစ်ကြိမ် တိုင်းတာရန်နှင့် စီမံကိန်း ဖျက်သိမ်းသည့်ကာလတွင် အဆိုပါ ဖျက်သိမ်းသည့်လုပ်ကွက်၌ တစ်ပတ်လျှင် တစ်ကြိမ် တိုင်းတာရန်၊

(၉) ကုန်းနေ၊ ရေနေဇီဝမျိုးကွဲများအား စီမံကိန်းလည်ပတ်သည့်ကာလ၌ စီမံကိန်း၏ လေ့လာမှုဧရိယာအတွင်း တစ်နှစ်လျှင်တစ်ကြိမ် တိုင်းတာရန်၊

(၁၀) အလုပ်သမားများ၏ကျန်းမာရေးစောင့်ကြည့်စစ်ဆေးခြင်းအား စီမံကိန်း ဧရိယာအတွင်း တစ်နှစ်လျှင်တစ်ကြိမ် တိုင်းတာရန်။

(၄) **လျှာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျှာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ထိခိုက်မှုလျှော့ချရေးအစီအစဉ်အတွက် စီမံကိန်းလည်ပတ်ခြင်းအဆင့်တွင် တစ်နှစ်လျှင် ၁၇၇,၀၀၀,၀၀၀ ကျပ်နှင့် ပိတ်သိမ်းခြင်းအဆင့်တွင် တစ်နှစ်လျှင် ၄၈,၃၀၀,၀၀၀ ကျပ် လျာထားသုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် စီမံကိန်းလည်ပတ်ခြင်းအဆင့်တွင် တစ်နှစ်လျှင် ၂၃,၅၂၀,၀၀၀ ကျပ်နှင့် ပိတ်သိမ်းခြင်းအဆင့်တွင် တစ်နှစ်လျှင် တစ်နှစ်လျှင် ၁၉,၁၂၀,၀၀၀ ကျပ် လျာထားသုံးစွဲရန်၊

(၃) ကြီးကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် စီမံကိန်းလည်ပတ်ခြင်းအဆင့်တွင် ၁၉,၂၀၀,၀၀၀ ကျပ်နှင့် ပိတ်သိမ်းခြင်းအဆင့်တွင် ၁၉,၂၀၀,၀၀၀ ကျပ် လျာထား သုံးစွဲရန်၊

(၄) ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းအစီအစဉ်အတွက် စီမံကိန်းလည်ပတ်ခြင်းအဆင့်တွင် ၆,၀၀၀,၀၀၀ ကျပ်နှင့် ပိတ်သိမ်းခြင်းအဆင့်တွင် ၆,၀၀,၀၀၀ ကျပ် လျာထား သုံးစွဲရန်။

(၃) **နစ်နာမှုများအတွက်တိုင်ကြားခြင်းဆိုင်ရာဖြေရှင်းပေးခြင်းအစီအစဉ်။** နစ်နာမှုများအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးရေးအစီအမံများနှင့်အညီ ဆောင်ရွက်သွားရမည်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါစည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါစည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေဘဲ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကိုထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၆) စွန့်ပစ်ပစ္စည်းများအားသက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၇) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံသံနှင့် တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၉) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် ပိုက်လိုင်းမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၁၀) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၁၁) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၆ အပိုဒ်ခွဲ ၂.၆.၂ ပါ သင်္ဘောဆိပ်၊ ဆိပ်ကမ်းနှင့် ဆိပ်ခံတံတားလုပ်ငန်း (Ports, Harbors and Terminals) ပါ စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များပါ Parameter များနှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၅) ထိတွေ့ဝန်းကျင် လေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထိတွေ့ဝန်းကျင်လေအရည် အသွေးစံနှုန်းများ သတ်မှတ်ထုတ်ပြန်ပါက ၎င်းစံနှုန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် စံနှုန်းများထုတ်ပြန်ခြင်းမပြုမီ ကြားကာလအတွင်း လေအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ တိုင်းတာချက်ရလဒ်များကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များအားတိုင်းတာ၍ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၆) အနီးပတ်ဝန်းကျင် ရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အနီးပတ်ဝန်းကျင် ရေအရည် အသွေးဆိုင်ရာ စံနှုန်းများထုတ်ပြန်ပါက ၎င်းစံနှုန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(၇) သောက်သုံးရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမျိုးသားသောက်သုံးရေဆိုင်ရာ အရည်အသွေးစံနှုန်းများ၏ လမ်းညွှန်ချက်သတ်မှတ်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၈) ဆူညံသံစံနှုန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းမှ ဆူညံသံသက်ရောက်မှုသည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၃ ပါ Parameter များအား တိုင်းတာ၍ သတ်မှတ်ချက်တန်ဖိုးများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် ဆူညံမှုအဆင့် သတ်မှတ်ချက်များအားကျော်လွန်ခြင်း (သို့မဟုတ်) စီမံကိန်းလုပ်ငန်း၏အပြင် နေရာတွင်ရှိသော အနီးဆုံးလက်ခံရရှိမည့်နေရာတွင် နောက်ခံဆူညံမှုအဆင့် သတ်မှတ်ချက် ၃ dBA ထက် ကျော်လွန်ခြင်းမရှိစေရေး ဆောင်ရွက်ရန်၊

(၉) နိုင်ငံတကာအဖွဲ့အစည်းများမှ ပြုစုထားသည့် IFC Performance Standards on Environmental and Social Sustainability (2012)၊ EHS Guidelines for Environmental, Health, and Safety Guideline for Gas Distribution System (2007)၊ Environmental, Health, and Safety Guideline for Onshore Oil and Gas Development (2017)၊ IFC's Stakeholder engagement handbook and other relevant Good Practice Notes၊ The Global Oil and Gas Industry Association for Environmental and Social Issues၊ The International Pipeline & Offshore Contractors Association (IPLOCA)၊ International Union for Conservation of Nature (IUCN) ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

(ဂ) **စွန့်ပစ်ပစ္စည်းများဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပိုဘေးထွက်ပစ္စည်းများအား ပြင်ပသို့ စွန့်ပစ်ရန် (သို့မဟုတ်) ရောင်းချရန် လိုအပ်ပါက ဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်၊

(၂) လုပ်ငန်းလည်ပတ်စဉ်အတွင်း လုပ်ငန်းခွင်တွင် စီမံကိန်းမှထွက်ရှိမည့် အမှိုက် အားလုံးအတွက် သင့်လျော်သော အမှိုက်ပုံးများ၊ ပြန်လည်အသုံးပြုရန် ဧရိယာ များကို ခွဲခြားသတ်မှတ်ပြီး ထိုဧရိယာအား ညစ်ညမ်းမှုနှင့် ရောဂါပြန့်ပွားမှုမှ ကင်းဝေးစေရန် တည်ဆောက်ထိန်းသိမ်းရန်၊

(၃) အလုပ်သဘော်ဆိပ်ခံတံတားမှ ထွက်ရှိမည့် အစိုင်အခဲစွန့်ပစ်ပစ္စည်းများအား ကန်ထရိုက်တာမှ တာဝန်ယူစွန့်ပစ်ရန်၊

(၄) စီမံကိန်းအဆိုပြုသူသည် စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းအား ရှောင်ကြဉ်ရမည် ဖြစ်ပြီး စွန့်ပစ်ပစ္စည်းထွက်ရှိမှုအား လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းနည်းလမ်းများဖြင့် လျှော့ချ၊ စီမံခန့်ခွဲရန်။

ပြည်ထောင်စု ဝန်ကြီးရုံး

(င) **အန္တရာယ်ရှိပစ္စည်းများနှင့် အန္တရာယ်ရှိအစိုင်အခဲစွန့်ပစ်ပစ္စည်းများဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) အခြားအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား သီးခြားသတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရန်နှင့် စိမ့်ထွက်အရည်များမှ မြေအောက်ရေ ထိခိုက်နိုင်ခြင်းမရှိစေရန်အတွက် စွန့်ပစ်သည့်နေရာအား Impermeable Layer နှင့် Leachate Collection System များ ထည့်သွင်းတည်ဆောက်၍ စနစ်တကျ စီမံခန့်ခွဲရန်၊

(၂) စီမံကိန်းလည်ပတ်စဉ်ကာလအတွင်း အန္တရာယ်ရှိပစ္စည်းများအား အသုံးပြုသည့် ပမာဏများနှင့် အသုံးပြုခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ စွန့်ပစ်ခြင်း အစရှိသည့် လုပ်ငန်းများအား မှတ်တမ်းတင်ထားရှိရမည်ဖြစ်ပြီး ၎င်းမှတ်တမ်းများကို ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် ထည့်သွင်းဖော်ပြရန်၊

(၃) စီမံကိန်းအဆိုပြုသူသည် အန္တရာယ်ရှိပစ္စည်းများ၊ အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ပတ်ဝန်းကျင်သို့ မတော်တဆ ဖိတ်စင်မှု/ရောက်ရှိမှု ဖြစ်ပွားပါက အဆိုပါဖြစ်ရပ်အား ဝန်ကြီးဌာနသို့ အကြောင်းကြားရန်နှင့် ၎င်းဖြစ်ရပ်များကို မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပွားခဲ့သော ပတ်ဝန်းကျင် (သို့မဟုတ်) ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သက်ရောက်မှုများ၊ ၎င်းသက်ရောက်မှုများအား ကုစားဆောင်ရွက်ချက်များအစရှိသည့် အကြောင်းအရာများကို ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(၄) စီမံကိန်းလုပ်ငန်းလည်ပတ်ခြင်းအဆင့်တို့တွင် ဘေးအန္တရာယ်ရှိပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် Personal Protective Equipment (PPE) အသုံးပြုရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအတွင်းအသုံးပြုသော ဓာတုပစ္စည်း၊ လောင်စာဆီနှင့် အခြားစက်ဆီများအား မြန်မာနိုင်ငံ၏ စံချိန်စံညွှန်း၊ သတ်မှတ်ချက်များနှင့်အညီ သိုလှောင်၊ စီမံ၊ ကိုင်တွယ်အသုံးပြုရန်၊

(၆) ဓာတုပစ္စည်းနှင့် ဘေးအန္တရာယ်ရှိပစ္စည်းများ သိုလှောင်ထားသည့် ကန့်သတ်ထားသောနေရာအား စိုစွတ်သည့် ရာသီ၊ ခြောက်သွေ့သည့်ရာသီများ အတွက် ထည့်သွင်းစဉ်းစားရန်၊

(၇) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စီမံကိန်းနှင့်ပတ်ဝန်းကျင်အား ထိခိုက်မှု မရှိစေရန် သိုလှောင်၊ စီမံခန့်ခွဲ၍ ဥပဒေနှင့်အညီ ခွင့်ပြုထားသည့် စွန့်ပစ်ပစ္စည်း ပစ္စည်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများထံတွင်သာ စွန့်ပစ်ရန်၊

(၈) စီမံကိန်းအကောင်အထည်ဖော်သူသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား

သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် ပါဝင်သော အချက်အလက်များနှင့်အညီ စီမံခန့်ခွဲရန် တာဝန်ယူဆောင်ရွက်ရန်။

(စ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်း တိရိစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၂) အရေးပါသည့် ဒေသရင်းမျိုးစိတ်များနှင့် ၎င်းတို့ကျက်စားရာနေရာများအား ထိန်းသိမ်းစောင့်ရှောက်သွားရန်။

(ဆ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်စဉ် ဓာတ်ငွေ့ပိုက်လိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှုရှိစေရေး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက သတ်မှတ်ထားသည့် စံပိုက်လိုင်းပုံစံအား အသုံးပြုရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၃) Occupational Health and Safety Management Plan ကိုရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်ရှိ ဝန်ထမ်းများအား လုပ်ငန်းခွင်ကျန်းမာရေးနှင့်လုံခြုံရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးသည့် အစီအစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ဝန်ထမ်းများအား လုပ်ငန်းခွင်နှင့် ၎င်းတို့နေထိုင်ရာနေရာများတွင် သန့်ရှင်းသောရေ၊ ဖူလုံသောအစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို လုံလောက်စွာ ရရှိစေရန်၊

(၆) အလုပ်သဘော်ဆိပ်ခံတံတားအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု အစီအစဉ်များအား လိုက်နာဆောင်ရွက်ရန်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၇) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဓ) **အရေးပေါ်ဘေးအန္တရာယ်တုံ့ပြန်မှုဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပေါက်ကွဲမှုများဖြစ်ပွားပါက ဖြတ်သန်းသွားလာသူများ အန္တရာယ်မဖြစ်စေရန်အတွက် သတိပေးချက်များထုတ်ပြန်ခြင်းနှင့် လမ်းများပိတ်ဆို့ထားခြင်းများ လုပ်ဆောင်သွားရန်၊

(၂) အန္တရာယ်ရှိသော အဆိပ်ဓာတ်ငွေ့များ ပေါက်ထွက်ပါက ၎င်းအန္တရာယ်ရှိသော နေရာမှ အလုပ်သမားများကို ဖယ်ရှားပေးခြင်း၊ သက်ဆိုင်ရာအာဏာပိုင်များနှင့် ဒေသခံများကို အသိပေးအကြောင်းကြားခြင်းနှင့် အရေးပေါ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊

(၃) စီမံကိန်းအနေဖြင့် မြေလျောင်နှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ပံ့ပိုးထားရှိရန်နှင့် ငလျင်ဒီဇိုင်းစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် ရေးဆွဲထားရှိရန်၊

(၄) စီမံကိန်းအဆိုပြုသူသည် ရာသီအလိုက် ရေကြီးချိန်တွင် အန္တရာယ်ရှိသော ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများအား ရေနှင့်အတူ မျောပါမှုမရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းယာယီစုပုံရာနေရာများ၊ နောက်ဆုံးစွန့်ပစ်ရာနေရာများကို ကောင်းမွန်စွာစီမံခန့်ခွဲထားရှိရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် လုပ်သားများအားလုံးအား လုပ်ငန်းလည်ပတ်ခြင်းကာလတွင် အရေးပေါ်ဘေးအန္တရာယ်ဆိုင်ရာ သင်တန်းများပေးခြင်း၊ ဓာတုပစ္စည်းများနှင့် အခြားပစ္စည်းများ၊ စက်ပစ္စည်းများအား ကိုင်တွယ်အသုံးပြုရာတွင် လိုအပ်သော လုပ်ငန်းခွင်သုံးကာကွယ်ရေးပစ္စည်းများ (PPEs) အား ထောက်ပံ့ပေးအပ်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းလည်ပတ်ခြင်း မစတင်မီတွင် မီးဘေး၊ ရေဘေးနှင့် သဘာဝဘေးအန္တရာယ်များ ပါဝင်သော အရေးပေါ်အစီအစဉ်နှင့် အရေးပေါ်ကိစ္စရပ်များအတွက် လုပ်ထုံးလုပ်နည်းအား ရေးဆွဲရန်။

(ဈ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

ပြည်ထောင်စု ... (stamp)

(၁) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲများကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်စဉ်အတွင်း စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊

(၂) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ည) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထား၍ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် ပိတ်သိမ်းခြင်းလုပ်ငန်း မစတင်မီ အပြီးသတ်ပိတ်သိမ်းခြင်း အစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့် ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းပိတ်သိမ်းချိန်တွင် စီမံကိန်းအတွင်း၌ရှိ စက်ပစ္စည်းများ၊ ပိုက်လိုင်းများ၊ ယာဉ်ယန္တရားများနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ဆောင်ရွက်ထားရှိရန်၊

(၄) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များ စိုက်ပျိုးရန်၊ အပင်များရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(၅) ပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလျာထားအသုံးစရိတ် ထားရှိသုံးစွဲရန်။

(ဋ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တစ်ဖက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြ ရမည်။

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ

ပြည်ထောင်စု ဝန်ကြီးရုံး

ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၄) **စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာများကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရမည်ဖြစ်ပြီး အစီရင်ခံရမည့်ကာလ ကုန်ဆုံးပြီးနောက် (၃၀)

ပြည်ထောင်စု ဝန်ကြီးရုံး

ရက်အတွင်း တင်ပြရမည်။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် ဖော်ပြထားသည့် အစီအစဉ်အတိုင်း တင်ပြဆောင်ရွက်ရန်၊

(၂) စောင့်ကြပ်ကြည့်ရှုရေးအစီရင်ခံစာများတွင် အောက်ပါအချက်များ ပါဝင်လျက် ဖော်ပြရန်-

(ကက) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ အစီအစဉ်အားလုံးကို လိုက်နာ ဆောင်ရွက်ထားကြောင်း သက်သေခံစာရွက်စာတမ်းများ၊

(ခခ) တင်ပြထားသော ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များအား အကောင်အထည်ဖော်ရေးအစီအစဉ်နှင့် နှိုင်းယှဉ်ဖော်ပြထားသည့် (အစီရင်ခံသည့် အချိန်အထိ) အကောင်အထည်ဖော်ခြင်း လုပ်ငန်းတိုးတက်မှုအခြေအနေ၊

(ဂဂ) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်များအား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားဆောင်ရွက်ရန် အကြံပြုချက်များနှင့် အနာဂတ်တွင် ယင်းအခက်အခဲများကို ရှောင်ရှားရန် သို့မဟုတ် ကြိုတင်ကာကွယ်ရန်အဆင့်များ၊

(ဃဃ) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်များကို မလိုက်နာသည့် လုပ်ငန်းအမျိုးအစားနှင့် အရေအတွက်၊ ကုစားဆောင်ရွက်ရန် အဆိုပြုသည့်နည်းလမ်းများနှင့် ကုစားဆောင်ရွက်ရေး လုပ်ငန်းများပြီးစီးရမည့် အချိန်ဇယား၊

(ငင) စီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ အကျဉ်းချုပ်၊

(စစ) ရှင်းပြချက်များ၊ မှတ်ချက်များပါဝင်သည့် မိမိအစီအစဉ်ဖြင့် စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာများအကျဉ်းချုပ်၊

(ဆဆ) လုပ်ငန်းခွင်နှင့် ဒေသခံများ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သည့် မတော်တဆမှုများ၊ ဖြစ်ရပ်များ အကျဉ်းချုပ်၊

(ဇဇ) တိုင်ကြားမှုများ၊ နစ်နာစေသည့် အကြောင်းအချက်များ၊ ပြန်လည်ဖြေရှင်းထားရှိမှုများ အကျဉ်းချုပ်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(ဈဈ) ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊

(ညည) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ကတိပြုထားသော သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများ သို့မဟုတ် အခြားနည်းဖြင့် သတ်မှတ်ထားသောပတ်ဝန်းကျင်ဆိုင်ရာ တိုင်းတာရန်အချက် (Parameter) များနှင့် စည်းကမ်းချက်များအား စောင့်ကြပ်တိုင်းတာသည့် အချက်အလက်များနှင့် ၎င်းရလဒ်များအပေါ် ပညာရပ်ပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်မှုများနှင့် ဝေဖန်ပိုင်းခြားမှုများ။

(၃) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ပါ ကတိကဝတ်များကို လိုက်နာ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့်

စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန
ပြည်ထောင်စု
ဝန်ကြီးရုံး

ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျီတယ်စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့် နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်၊

(၁၀) အဆိုပြုစီမံကိန်းတွင်ပါဝင်သည့် အလုပ်သဘော်ဆိပ်ခံတံတားနှင့်စပ်လျဉ်း၍ စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံပြည်သူများအား ဆိပ်ခံတံတားဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ စီမံကိန်းအနီးဝန်းကျင်တွင် သတိပေးဆိုင်းဘုတ်များ စိုက်ထူရန်နှင့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများဆောင်ရွက်ရန်။

(ဃ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(င) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(၃) လူထုအကျိုးပြုလုပ်ငန်းများ (CSR) စီမံဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ တောင်းဆိုချက်များသာမက ၎င်းတို့အမှန်တကယ်လိုအပ်သည့် လိုအပ်ချက်များကို စနစ်တကျ ဖြည့်ဆည်းပေးနိုင်ရန်အတွက် Need-Based Assessment အပေါ် အခြေခံ၍ဆောင်ရွက်ရန်၊

(၄) လူထုအကျိုးပြုလုပ်ငန်းများ (CSR) စီမံဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Township Development Plan)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူမှ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအပေါ် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် လျာထားရန်ပုံငွေကို လုံလောက်စွာ ထားရှိသုံးစွဲရန်။

(တ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်နေစဉ် ကာလအတွင်း ဒေသခံများနှင့် ဆက်သွယ်ပြန်ကြားရေး လုပ်ငန်းစဉ်များ၊ တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များအတွက်အချက်အလက် ထုတ်ပြန်ရေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲ၍ အကောင်အထည်ဖော်ရန်နှင့် ထိုအစီအစဉ်တွင် စီမံကိန်း၏ လုပ်ငန်းစဉ်များ ပြောင်းလဲမှုတစ်စုံတစ်ရာ ပြုလုပ်ခြင်းကြောင့်သော်လည်းကောင်း၊ ထပ်တိုးလုပ်ဆောင်မှု တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း ဒေသခံပြည်သူများ၏ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာနှင့် ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးကိစ္စရပ်များအပေါ် သက်ရောက်မှုတစ်စုံတစ်ရာရှိနိုင်မည်ဆိုပါက ဒေသခံများသို့ ကြိုတင်အသိပေး၍ တိုင်ပင်ဆွေးနွေးမည့် အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန်။

(ထ) **အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် "ဒေသခံများနှင့်ညှိနှိုင်းဆွေးနွေးခြင်းစီမံချက်" (Community Engagement Plan) အား စီမံကိန်းစတင်လည်ပတ်သည့်အချိန်မှ ယခုအချိန်အထိ ဆောင်ရွက်ထားရှိမှု အခြေအနေများ (ဥပမာ - လက်ရှိတွင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တိုင်ကြားချက်ရရှိမှုများ၊ ၎င်းတိုင်ကြားချက်များကို ဖြေရှင်းထားရှိမှု အခြေအနေများ အစရှိသည်ဖြင့်) တို့အား ဝန်ကြီးဌာနသို့ (၆)လအတွင်း သီးခြားအစီရင်ခံ တင်ပြရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် တိုင်ကြားမှုနှင့် ပြဿနာစီမံခန့်ခွဲရေးတို့ကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းထူထောင်၍ အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် -

(ကက)စီမံကိန်းအကျိုးဆက်စပ်သူများထံမှ ဘောင်ဝင်သော တိုင်ကြားချက်များကို စိစစ်သုံးသပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ (ဘောင်ဝင်သော တိုင်ကြားချက်များတွင် စီမံကိန်းနှင့် သက်ဆိုင်သောကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသော ကန်ထရိုက်တာ၊ လက်ခွဲကန်ထရိုက်တာ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ ရန်ပုံငွေများကို အလွဲသုံးခြင်းနှင့် အခြားပုံမှန်မဟုတ်သည့် ကိစ္စရပ်များအား တိုင်ကြားခြင်း၊ ပြန်လည်နေရာချထားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျား/ မတန်းတူညီမျှမှုတို့အပါအဝင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်သည့် နစ်နာမှုများကို တိုင်းကြားခြင်းစသည်တို့ပါဝင်ကြသည်။)

(ခခ) နစ်နာမှုများကို တက်ကြွစွာဖြင့် ကြိုတင်ဖြေရှင်းပေးခြင်း၊

(ဂဂ) ရွေးချယ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်/ လုပ်ငန်းကို တိုင်ကြားသူများသို့ အသိပေးအကြောင်းကြားခြင်း၊

(ဃဃ) လက်ခံရရှိသည့် တိုင်ကြားချက်အရေအတွက်၊ ဖြေရှင်းပြီးသည့် တိုင်ကြားချက်အရေအတွက်၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်း၏ အပြီးသတ် အကျိုးရလဒ်များ၊ ရွေးချယ်ဆောင်ရွက်သော ဖြေရှင်းရေးလုပ်ငန်းစဉ် စသည်တို့နှင့်ပတ်သက်၍ အကျဉ်းချုပ်အစီရင်ခံစာများကို အချိန် ကာလ အလိုက်ပြုစုခြင်းနှင့် ထိုအစီရင်ခံစာများအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြရန်။

(၃) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းသက်တမ်းတစ်လျှောက်လုံးအတွက် ဒေသခံ ပြည်သူများထံမှ တိုင်ကြားချက်များကို လက်ခံရန်ဖြစ်စေ သို့မဟုတ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သဘောတူ ညီထားချက်အရဖြစ်စေ အောက်ပါအတိုင်းဆောင်ရွက်ရန်-

(ကက)လည်ပတ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်ကြားမှုများကို မှတ်တမ်း တင်နိုင်ရန်အတွက် (၂၄) နာရီ ခေါ်ဆိုနိုင်သည့် တယ်လီဖုန်းနံပါတ် တစ်ခုထားရှိရန်၊

(ခခ) စာဖြင့်ရေးသားထားသော တိုင်ကြားချက်များကို ပေးပို့နိုင်ရန်အတွက် စာပို့လိပ်စာတစ်ခုထားရှိရန်၊

(ဂဂ) စီမံကိန်းမှ တိုင်းကြားချက်ဖြေရှင်းပေးမှု အစီအစဉ်များအား အများ ပြည်သူမှ ကောင်းမွန်စွာ သိရှိနားလည်စေရန်အတွက် စီမံကိန်း အဆိုပြုသူ၏ အင်တာနက်ဝက်ဘ်ဆိုဒ်/ Facebook စာမျက်နှာနှင့် စီမံကိန်းအနီးမှ ကျေးရွာများရှိ အများပြည်သူစုဝေးရာ သတင်းအချက် အလက်စင်တာများတွင် ထုတ်ပြန်ထားရှိရန်၊

(ဃဃ) တိုင်ကြားချက်များကို အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးပို့နိုင်ရန် အတွက် အီးမေးလ်လိပ်စာ တစ်ခုထားရှိရန်နှင့် တယ်လီဖုန်းနံပါတ်၊ စာပို့လိပ်စာနှင့် အီးမေးလ်၊ လိပ်စာတို့ကို တည်ဆောက်ရေးလုပ်ငန်း များ မစတင်မီတွင် စီမံကိန်းအဆိုပြုသူ၏ အင်တာနက်ဝက်ဘ်ဆိုဒ် သို့မဟုတ် ပြည်သူများရှင်းလင်းစွာတွေ့မြင်နိုင်သည့် အနေအထားဖြင့် လုပ်ငန်းခွင်၏ အဝင်ဝအနီးတွင် ဆိုင်းဘုတ်တစ်ခုဖြင့် ရေးသားဖော်ပြ ရန်။

(၄) စီမံကိန်းအဆိုပြုသူသည် လက်ခံရရှိသည့် တိုင်ကြားချက်များအားလုံးကို အောက်ပါအချက်များပါဝင်သော အမြဲဆောင်ရွက်နေသည့် တိုင်ကြားချက်

မှတ်တမ်းတင်စာအုပ်ထားရှိရမည့်အပြင် အဆိုပါ တိုင်ကြားချက်မှတ်တမ်းတင် စာအုပ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စစ်ဆေးရန် တောင်းခံလာပါက ပေးအပ်တင်ပြရန်-

(ကက) တိုင်ကြားသည့် နေ့ရက်နှင့်အချိန်၊

(ခခ) တိုင်ကြားသည့် နည်းလမ်း၊ (တယ်လီဖုန်း၊ စာ၊ အီးမေးလ်ဖြင့်)

(ဂဂ) တိုင်ကြားသူက ဖော်ပြထားသော ပုဂ္ဂိုလ်ရေး အသေးစိတ်အချက်အလက်များ၊

(ဃဃ) တိုင်ကြားသည့် အကြောင်းအရာ၊

(ငင) တိုင်ကြားချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူက ဆောင်ရွက်ထားသည့် အကောင်အထည်ဖော်မည့် အချိန်ဇယားများပါသော အရေးယူဆောင်ရွက်ချက်၊

(စစ) တိုင်ကြားချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူက မည်သည့်လုပ်ဆောင်ချက်မှ ဆောင်ရွက်ထားခြင်းမရှိပါက အဘယ်ကြောင့် မဆောင်ရွက်ရသည်ဟူသော အကြောင်းပြချက်။

(၁) **လုပ်သားများနစ်နာမှုဖြေရှင်းပေးရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလည်ပတ်ဆောင်ရွက်စဉ်အတွင်း လုပ်သားများ၏ တိုင်ကြားချက်/နစ်နာချက်များကို ပြန်လည်ဖြေရှင်းပေးရန် လုပ်ငန်းစဉ်တစ်ရပ်ကို တည်ထောင်ရမည်။ ယင်းတွင် နေရာထိုင်ခင်းအခြေအနေများကြောင့် ထွက်ပေါ်လာသော မကျေနပ်ချက်များကို တုံ့ပြန်ဖြေရှင်းပေးရန်လည်းပါဝင်သည်။

(၈) **မမျှော်မှန်းနိုင်သော ထိခိုက်မှုများဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါတို့ကို လိုက်နာ ဆောင်ရွက်ရမည်-

(၁) ယိုဖိတ်မှုကာကွယ်ရေးနှင့်တုံ့ပြန်ရေးအစီအစဉ် (Spill Prevention and Response Plan) အားရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) စက်ကိရိယာများနှင့် မော်တော်ယာဉ်များအား လောင်စာဆီဖြည့်တင်းရာတွင် ယိုဖိတ်မှုကို ကာကွယ်ရန်၊

(၃) ယိုစိမ့်မှုနှင့် ယိုဖိတ်မှုကို ထိန်းသိမ်းရန် သင့်လျော်သော ဆင့်ပွားထိန်းသိမ်းသည့်အရာများ (Secondary Containment) ထောက်ပံ့ထားရှိရန်နှင့် ယိုဖိတ်မှုတုံ့ပြန်ရေးကိရိယာများပံ့ပိုးထားရှိရန်၊

(၄) လုပ်ငန်းစဉ်သုံးကိရိယာများ ပျက်စီးခြင်းများကို ရှောင်ရှားနိုင်ရန် ပြုပြင်ထိန်းသိမ်းသည့် အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) အရေးပေါ်တုံ့ပြန်မှုအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် မမျှော်မှန်းထားသည့် ဖြစ်ရပ်များအပေါ် တုံ့ပြန်ခြင်းနှင့်ပတ်သက်၍ ဝန်ထမ်းများအား လေ့ကျင့်သင်ကြား ပေးရန်၊

(၆) မီးဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် မီးငြိမ်းသတ်သည့်စနစ်များ တပ်ဆင်ထားရှိရန်၊

(၇) ဝန်ထမ်းများအား ကျန်းမာရေးဝန်ဆောင်မှုပေးရန်နှင့် လေ့ကျင့်ပေးရန်နှင့် သင့်လျော်သော ဆက်သွယ်ရေးလမ်းကြောင်းများထားရှိပေးရန်၊

(၈) စီမံကိန်းတွင် အသုံးပြုသော ပစ္စည်းများကို ငလျင်ဒီဇိုင်းစံနှုန်းများနှင့် ကိုက်ညီစေရေး ရေးဆွဲထားရှိရန်၊

(၉) ငလျင်တုံ့ပြန်မှုအစီအစဉ်နှင့် ဘေးကင်းရာသို့ စွန့်ခွာရေး အစမ်းလေ့ကျင့်ခြင်းများ ပုံမှန်လေ့ကျင့်ဆောင်ရွက်ပေးရန်နှင့် မြေငလျင်နှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်များ၊ လုပ်ထုံးလုပ်နည်းများကို ပံ့ပိုးပေးရန်၊

(၁၀) ဆိုးဝါးသော ရေကြီးမှုဖြစ်စဉ်များကို ကာကွယ်နိုင်ပြီး ခံနိုင်ရည်ရှိသည့် သင့်လျော်သော ရေးကြီးရေလျှံမှုအကာအကွယ်များကို ဆောက်လုပ်ထားရှိရန်၊

(၁၁) ရေနံနှင့် သဘာဝဓာတ်ငွေ့စနစ်များ၏ ပိုက်လိုင်းယိုစိမ့်မှုနှင့် လေဝင်လေထွက် လှုပ်ရှားမှုများကြောင့် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်လျက်ရှိကြောင်းနှင့် အဆိုပါစနစ်များမှ ကမ္ဘာလုံးဆိုင်ရာ မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှု၏ ၁၅% မှ ၂၀% အထိရှိသဖြင့် စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းစေမည့်နည်းလမ်းများကို ထည့်သွင်းအကောင်အထည်ဖော်ရန်၊

(၁၁) စီမံကိန်းလည်ပတ်ဆောင်ရွက်ခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် ရပ်စဲခြင်းအဆင့်တစ်ခုခုတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၌ ထည့်သွင်းစဉ်းစားထားခြင်းမရှိသည့် မမျှော်မှန်းနိုင်သော ပတ်ဝန်းကျင်/လူမှုရေးဆိုင်ရာအန္တရာယ် သို့မဟုတ် ထိခိုက်မှုတစ်ခုခုပေါ်ပေါက်လာပါက၊ စီမံကိန်းအဆိုပြုသူသည် ထိုသို့သော အန္တရာယ် သို့မဟုတ် ထိခိုက်မှုဖြစ်ပေါ်သည်နှင့်တပြိုင်နက် ဖြစ်ပေါ်သည့်ကိစ္စရပ်နှင့် အဆိုပြုထားသော ကုစားဆောင်ရွက်ရေးလုပ်ငန်းစီမံချက်တို့ကို အသေးစိတ် ရှင်းလင်းဖော်ပြလျက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ချက်ချင်းအကြောင်းကြားရန်။

ပြည်ထောင်စု ဝန်ကြီးရုံး

(န) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ် ကြိုတင်ထူထောင်ထားရှိရမည်။

(ပ) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစီမံချက်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အန္တရာယ်ရှိပစ္စည်းများစီမံခန့်ခွဲမှုစီမံချက်နှင့်စပ်လျဉ်း၍ အမျိုးအစား၊ အတန်းအစားနှင့် ပမာဏအကန့်အသတ်များ၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ် ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် နည်းလမ်း များနှင့် စနစ်များကို သတ်မှတ်ဖော်ပြရမည်။ ၎င်းစီမံချက်တွင် "ယိုဖိတ်မှု ကာကွယ်ခြင်းနှင့် တုန့်ပြန်မှုအစီအစဉ်" (Spill Prevention and Response Plan) အား ထည့်သွင်းရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၂) အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် အန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစီမံချက်နှင့် စပ်လျဉ်း၍ ထွက်ရှိသောစွန့်ပစ်ပစ္စည်း (အရည်၊ အစိုင်အခဲ၊ အငွေ့) အမျိုးအစား၊ အတန်းအစားနှင့် ပမာဏများ၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် နည်းလမ်းများနှင့် စနစ်များ၊ စွန့်ပစ်ပစ္စည်းများအား ပြန်လည်သုံးစွဲသည့် နည်းလမ်းများ၊ နောက်ဆုံး စွန့်ပစ်သည့် နည်းလမ်းနှင့်နေရာများ အစရှိသည်တို့ကို သတ်မှတ်ဖော်ပြရန်၊ ၎င်းစီမံချက်တွင် စီမံကိန်းပြုပြင်မွမ်းမံခြင်း လုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် စီမံခန့်ခွဲမှုအစီအစဉ်များကိုပါ ထည့်သွင်းရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၃) ဒေသခံများကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်နှင့်စပ်လျဉ်း၍ ဒေသခံများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်ရန် နည်းလမ်းများ၊ အစီအစဉ်များအားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရမည်၊

(၄) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်နှင့်စပ်လျဉ်း၍ လုပ်သားများအတွက် တကိုယ်ရည်သုံး ကာကွယ်ရေးပစ္စည်းများ၊ နေထိုင်စားသောက်မှုပုံစံများ၊ လုပ်ငန်းခွင်အခြေအနေစသည်တို့အတွက် သတ်မှတ်ချက်များပါဝင်သည့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်ကိုရေးဆွဲ၍ လိုက်နာဆောင်ရွက်ရမည်။ ၎င်းအားရေးဆွဲရာတွင် စီမံကိန်းနှင့် သက်ဆိုင်သည့် နိုင်ငံတကာလမ်းညွှန်ချက်များ (ဥပမာ - အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်း (IFC) ၏ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်

ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များ) အား ထည့်သွင်းစဉ်းစား ရေးဆွဲပြီး လိုက်နာဆောင်ရွက်ရန်၊

(၅) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲရေး စီမံချက်နှင့်စပ်လျဉ်း၍ စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း ရှာဖွေတွေ့ရှိသည့် ယဉ်ကျေးမှုသယံဇာတများအတွက် "မတော်တဆတွေ့ရှိမှု (chance find)" လုပ်ထုံးလုပ်နည်းများနှင့် ထိန်းသိမ်းရေးနည်းလမ်းများရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၆) ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်း စီမံချက်နှင့်စပ်လျဉ်း၍ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ အကျိုးဆက်စပ်သူများအားသရုပ်ခွဲဆန်းစစ်ခြင်း၊ ချိတ်ဆက်ပါဝင်စေရေးအတွက် မဟာဗျူဟာရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ခြင်း၊ သတင်းအချက်အလက် ထုတ်ပြန်ခြင်းနှင့် ဖြန့်ဝေခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းပါဝင်စေခြင်း၊ မကျေနပ်မှုများအား တိုင်ကြားနိုင်မည့် အစီအစဉ်များ၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ပူးတွဲစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိခိုက်ခံရသည့်ဒေသခံများသို့ စဉ်ဆက်မပြတ်အစီရင်ခံခြင်း စသည်တို့ပါဝင်သည့် ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်း စီမံချက် အားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၇) ဒေသဖွံ့ဖြိုးရေးစီမံချက်နှင့်စပ်လျဉ်း၍ ဒေသခံများအား တိုက်ရိုက်အကျိုးရှိစေရန် စီမံကိန်းအဆိုပြုသူမှ ဆောင်ရွက်မည့်လုပ်ငန်းများကို စီမံချက်များဖြင့် စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ယင်းလုပ်ငန်းများတွင် ပညာရေးအတွက် ကူညီပေးခြင်း၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ကူညီပေးခြင်း၊ ရပ်ရွာလူမှုရေးကိစ္စရပ်များကို ကူညီပေးခြင်း၊ စီးပွားရေးမြှင့်တင်ပေးခြင်း၊ ဒေသခံများကို အလုပ်အကိုင်ခန့်ထားခြင်းနှင့်ဒေသခံများထံမှ ပစ္စည်းဝယ်ယူရေးအစီအစဉ်များပါဝင်သည့် ဒေသဖွံ့ဖြိုးရေး စီမံချက်အားရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၈) အရေးပေါ်အခြေအနေ တုန့်ပြန်ရေးစီမံချက်နှင့်စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်များနှင့် မတော်တဆမှုများကို ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းရေးဆွဲထားသည့် အရေးပေါ်အခြေအနေ တုန့်ပြန်ရေးနှင့် စီမံခန့်ခွဲရေးစီမံချက်တစ်ခုကိုရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်နှင့် ၎င်းတွင် အရေးပေါ်အခြေအနေများအတွက် ပြင်ဆင်ထားမှုများ၊ အရေးပေါ် အခြေအနေအတွက် တုန့်ပြန်ဆောင်ရွက်မည့်အဖွဲ့၊ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်မည့် ဆက်သွယ်ရေးလုပ်ငန်းများ၊ အရေးပေါ်အခြေအနေအား တုန့်ပြန်ရန်အတွက် အဆောက်အဦများ၊ စက်ယန္တရားများ၊ လုပ်ဆောင်မည့် လုပ်ငန်းများ

အစရှိသည့် အကြောင်းအရာများအား ထည့်သွင်း ရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(ဇ) ပတ်ဝန်းကျင်အရည်အသွေး စောင့်ကြပ်ကြည့်ရှုရေး စီမံချက်နှင့်စပ်လျဉ်း၍ တိုင်းတာရမည့်အချက် (parameters) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ အချက်အလက်စီမံခန့်ခွဲခြင်း၊ တိုင်းတာရေးကိရိယာများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် ထိန်းချုပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို သတ်မှတ်ဖော်ပြ၍ လိုက်နာဆောင်ရွက်ရန်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့် စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်း၏ ဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထား ချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက်တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---